# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းဆွေ၊ မကွေး(၇)၊ ဆေးကုသမှု။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ဆေးစစ်ခံ။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ နယ်မြေကွင်းဆင်း။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ နယ်မြေကွင်းဆင်း။ ဦးထွန်းလွင်၊ ကချင်(၉)မိသားစုကျန်းမာရေး။ ဦးတင်မောင်ဝင်း၊မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ရခိုင်(၇)၊ မိခင်ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ခရီးစဉ်အစီရင်ခံစာတင်သွင်းရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ မိသားစုကိစ္စ။ ဒေါက်တာစိုးဝင်း၊မွန်(၂)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ဆေးနား။ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွန်ဒုတ်ကျင့်၊ ချင်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်မည့်ကိစ္စ။ ဦးဇော်ဝင်း၊မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကျန်းမာရေးဆေးစစ်ခံ။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကျန်းမာရေးဆေးစစ်ခံ။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ကျန်းမာရေးဆေးစစ်ခံ။ ဦးစောအေးမြိုင်၊

ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ မိခင် ကျန်းမာရေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ဝင်း၊ မကွေး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ကိုယ်ရေးကိုယ်တာ။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကျန်းမာရေး။ ဦးဂျေယောဂူ၊ ကချင်(၁၂)၊ မိသားစုအရေးကြီးကိစ္စ။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၅၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော် နာယက၏ ဖိတ်ကြားချက်အရ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက်အထိ ချစ်ကြည်ရေးခရီး လာရောက်မည့် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Nguyen Sinh Hung ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ၂၄-၇-၂၀၁၃ ရက်မှာ လက်မှတ်ရေးထိုးကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုလွှတ်တော်အနေဖြင့် လက်မှတ်ရေးထိုးမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဖြစ်သော်လည်း သဘောတူညီချက်(မူကြမ်း)ကို နှစ်နိုင်ငံ ညှိနှိုင်းအတည်ပြုချက်ရရှိမှု နောက်ကျခဲ့တဲ့ အတွက် ပြည်ထောင်စုလွှတ်တော်တွင် တင်ပြရန် အစည်းအဝေး ကျင်းပရက်နှင့် မကိုက်ညီခဲ့ပါ၍ သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စား လွှတ်တော်နှစ်ရပ်ရဲ့ သဘောတူညီချက် ရယူရန်ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အနေဖြင့် မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် မြန်မာ - ဗီယက်နမ် လွှတ်တော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် အတည်ပြုကြောင်း ကြေညာ ပါတယ်။

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၄)ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေနံချောင်း မြို့နယ်၊ ချောင်းဆုံကျေးရွာ အမှတ်(၆၄) အခြေခံပညာ မူလတန်းကျောင်း၏ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်း၍ စာရင်းမှ ပယ်ဖျက်ပေးပါရန်နှင့် နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ x၃၀) ကျောင်းဆောင်သစ်တစ်ဆောင် အစားထိုး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာ အမှတ်(၆၄)အခြေခံပညာမူလတန်းကျောင်း၏ အန္တရာယ်ရှိသော ကျောင်းဆောင်အား ဖျက်သိမ်း၍ စာရင်းမှ ပယ်ဖျက်ပေးပါရန်နှင့် နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ x၃၀) ကျောင်းဆောင်သစ်တစ်ဆောင် အစားထိုး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ အန္တရာယ်ရှိသော ကျောင်းအဆောက်အဦအား ဖျက်သိမ်း၍ စာရင်းမှပယ်ဖျက်ပေးပါရန်နှင့် နိုင်ငံတော်အစိုးရမှ ကျောင်းဆောင်သစ် ပေ(၁၂၀)၊ ပေ(၃၀)တစ်ဆောင် အစားထိုးဆောက်လုပ်ပေးပါရန် တင်ပြတောင်းခံခြင်းကိစ္စပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာ၌ နိုင်ငံတော်မှ မတည်ငွေ(၆၀၀၀)ကျပ်၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေ(၃၀၀၀)ကျပ်ဖြင့်၊ စုစုပေါင်း(၉၀၀၀)ကျပ်ဖြင့် အကုန်အကျခံ၍ အမှတ်(၆၄)အခြေခံပညာမူလတန်းကျောင်းကို ၁၁-၇-၁၉၆၇ ခုနှစ်ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ ယခုဆိုလျှင် ကျောင်းရဲ့သက်တမ်းဟာ (၄၅)နှစ် ရှိပြီဖြစ်ပါတယ်။ အဆိုပါကျောင်းရဲ့ မူလအဆောက်အဦမှာ ဝါးကပ်မိုး၊ ထရံကာ အဆောက်အဦဖြစ်ပါတယ်။ ဝါးကပ်မိုးများ မကြာခဏ ဆွေးမြေ့ပျက်စီး အသစ်လဲနေရတဲ့အတွက် ၁၉၉၄ ခုနှစ်မှာ ကျေးရွာပြည်သူလူထုထည့် ဝင်လှူဒါန်းငွေနဲ့ ဝါးကပ်မိုးအစား သွပ်မိုးဖြင့် ကိုယ့်အားကိုယ်ကိုး ပြန်မိုးပေးခဲ့ပါတယ်။ သွပ်မိုးပေးတာဆိုရင်လည်း အခုဆိုရင် (၁၉)နှစ်ကြာမြင့်ပြီ ဖြစ်ပါတယ်။

ချောင်းဆုံကျေးရွာ အမှတ်(၆၄) အခြေခံပညာ မူလတန်းကျောင်းဟာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ ၁၆-၂-၂၀၁၀ ရက်နေ့တွင် တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ကျေးရွာပြည်သူလူထု၏ ကိုယ့်အားကိုယ်ကိုး ပေ(၁၂၀)၊ ပေ(၃၀) ကျောင်းဆောင်သစ် တစ်ဆောင်ကို

လည်းပဲ ဆောက်လုပ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနသို့ ၇-၅-၂၀၀၉ ရက်နေ့တွင်လည်းကောင်း၊ ထပ်မံပြီးတော့ ကျေးရွာပြည်သူလူထုနဲ့ အလှူရှင်များလှူဒါန်းငွေနဲ့ ပေ(၁၂၀)၊ ပေ(၃၀) ကျောင်းဆောင်သစ်တစ်ဆောင်ကိုလည်း ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီးတော့ ၉-၃-၂၀၁၃ ရက်နေ့တွင်လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ အသီးသီးလွှဲပြောင်းပေးအပ် လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် လက်ရှိပညာ သင်ကြားလျက်ရှိသော ကျောင်းသားဦးရေမှာ မူလတန်းအဆင့်(၁၄၂)ဦး၊ အလယ်တန်းအဆင့် (၁၅၈)ဦး၊ စုစုပေါင်း (၃၀၀)ဦး ပညာသင်ကြားလျက် ရှိပါတယ်။

တင်ပြပါ အမှတ်(၆၄)အခြေခံပညာ မူလတန်းကျောင်း အဆောက်အဦရဲ့ လက်ရှိအခြေအနေမှာ တိုင်များ ဆွေးမြေ့ယိမ်းယိုင်နေပြီး ခေါင်မိုး၊ ထုပ်တန်း၊ ဒိုင်း၊ မြှား၊ ဆင့်တန်းများဆွေးမြေ့ပျက်စီးကာ သွပ်ခေါင်မိုးများလည်း ယိမ်းယိုင်နေခြင်း၊ ယက်မတန်းများ ဆွေးမြေ့ပျက်စီးနေခြင်း၊ အကာများ ဆွေးမြေ့ပျက်စီးမှုကြောင့် ကျောင်းအဆောက်အဦဟာ ယိမ်းယိုင်နေကာထောက်တိုင်များဖြင့် ဖေးမ၍ ထောက်ထားရပါတယ်။ ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရေးအတွက် အချိန်မရွေး ပြိုကျပျက်စီးနိုင်ပြီး အန္တရာယ်ရှိနေပါတယ်။ ၎င်းကျောင်းဆောင်ဟောင်းရဲ့ အခြေအနေကိုလည်း ဓာတ်ပုံမှတ်တမ်းများနဲ့ ရှေ့အမြင်၊ နောက်အမြင်၊ ဘေးအမြင်များရဲ့ပုံများနဲ့ ဓာတ်ပုံ (၄)ပုံနဲ့ တင်ပြထားပါတယ်။ လက်ရှိကျောင်းသားဦးရေနှင့် စာသင်ခန်းအရေအတွက်လုံလောက်မှု မရှိပါသဖြင့် ၁၉-၁၁-၁၉၆၇ ရက်နေ့မှာ ဆောက်လုပ်ခဲ့တဲ့ သက်တမ်း(၄၅)နှစ်ကြာရှိပြီဖြစ်တဲ့ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်ဆီးခွင့်ပြုပြီး စာရင်းမှ ပယ်ဖျက်ပေးနိုင်ပါရန်နှင့်၎င်းအန္တရာယ်ရှိ ကျောင်းဆောင်အစား နိုင်ငံတော်မှ ပေ(၁၂၀)၊ ပေ(၃၀) ကျောင်းဆောင်သစ် ပြန်လည်အစားထိုး ဆောက်လုပ်ပေးနိုင်ပါရန် တင်ပြတောင်းခံအပ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် သက်တမ်း(၄၅)နှစ် ကြာမြင့်ပြီဖြစ်သော အန္တရာယ်ရှိကျောင်းဆောင်အားဖျက်သိမ်း၍ စာရင်းမှ ပယ်ဖျက်ခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ အဆိုပါကျောင်းဆောင်အစား နိုင်ငံတော်အစိုးရမှ ပေ(၁၂၀)၊ ပေ(၃၀) ကျောင်းဆောင်သစ် တစ်ဆောင်ကိုအစားထိုးဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ အစားထိုးဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန်၊ မည်ကဲ့သို့ စီမံဆောက်လုပ်ပေးမည်ကို သိရှိလိုတဲ့အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## လူရည်ချွန် မောင်/မယ်များ မိမိမြို့မှ စုရပ်သို့ အသွား/အပြန် အမှန်ကုန်ကျသည့် ခရီးစရိတ် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က လူရည်ချွန် မောင်/မယ်များ မိမိမြို့မှ စုရပ်သို့ အသွား/အပြန် အမှန်ကုန်ကျသည့် ခရီးစရိတ် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူရည်ချွန် မောင်/မယ်များကို မိမိမြို့မှ စုရပ်သို့ အသွား/အပြန် အမှန်ကုန်ကျတဲ့ ခရီးစရိတ် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ အခုအချိန်ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဆီကို တက်ညီလက်ညီချီတက်နေတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ ဒီလိုအချိန်ကာလမှာ နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်အရ ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်ကနေစပြီး နိုင်ငံတဝှမ်းလုံးရှိ ဘက်စုံပညာထူးချွန်တဲ့ ကျောင်းသား/ကျောင်းသူ လူငယ်မောင်/မယ်များကို စုဝေးပြီး ခင်မင်ရင်းနှီးမှု ရရှိအောင် လူရည်ချွန်စခန်းများ ဖွင့်လှစ်ဂုဏ်ပြုပေးခဲ့တာကို တွေ့မြင်ရပါတယ်။ ယနေ့ လူငယ် နောင်ဝယ် နိုင်ငံ့ခေါင်းဆောင်၊ နိုင်ငံတော်ရဲ့ တာဝန်ကို ပုခုံးပြောင်းတာဝန်ယူမယ့် လူရည်ချွန်မောင်/မယ်များကို ပြုစုပျိုးထောင်ပေးတဲ့အတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ၈-၆-၂၀၁၃ ရက်နေ့ထုတ် မြဝတီသတင်းစာမှာ လူရည်ချွန်ခရီးစဉ်နဲ့ ပတ်သက်တဲ့ ရန်ကုန်ပန်တျာကျောင်းက ဆရာမတစ်ယောက်ရဲ့ အတွေ့အကြုံတစ်ခုကို အနည်းငယ်တင်ပြလိုပါတယ်။ အဋ္ဌမတန်းကနေပြီး ဒသမတန်းအထိ ပညာသင်ကြားပေးခဲ့တဲ့ ဆရာမရဲ့ ကျောင်းသူလေးတစ်ယောက်ဟာ ဒသမတန်းမှာ လူရည်ချွန်ရွေးချယ်ခြင်းကိုခံခဲ့ရပါတယ်။ ဆရာမကတော့ ဝမ်းမြောက်ဝမ်းသာဖြစ်နေရှာပါတယ်။ ဒါပေမယ့် ကျောင်းသူလေးကတော့ လူရည်ချွန်ခရီးကို ဦးစားမပေးနိုင်ဘဲ လှိုင်သာယာစက်မှုဇုန်မှာ အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်နေရှာပါတယ်။ သက်ဆိုင်ရာ ဆရာ/ဆရာမတွေကို အကြောင်းမကြားဘဲ၊ အသိမပေးဘဲ မိမိသဘောအတိုင်း ဝင်ရောက်လုပ်ကိုင်နေတာ ဖြစ်ပါတယ်။ လူရည်ချွန်စခန်းကို သွားရမယ့်အချိန်မှာ ဆရာမကတော့ သူ့ကျောင်းသူလေးအတွက် လမ်းမှာသုံးဖို့ မုန့်ဖိုးငွေနဲ့ အဝတ်အစားထုပ်လေးတွေကို၊ အဝတ်အစားထုပ်လေးနဲ့ စောင့်နေပေမယ့်လည်း လူရည်ချွန် တပည့်မလေးကတော့ လှိုင်သာယာစက်မှုဇုန် ကနေပြီးတော့ အလုပ်ဝင်ရောက်လုပ်နေတာမို့ သူ့ဆရာမရှိရာ ရောက်မလာနိုင်ခဲ့ပါဘူး။ ဒါကိုမသိရှာတဲ့ ဆရာမဖြစ်တဲ့သူက သူ့တပည့်လေး၊ လူရည်ချွန်မလေး ပျောက်သွားပြီဆိုပြီး စိုးရိမ်တကြီးနဲ့ ရဲစခန်းကို လူပျောက်တိုင်ကြားခဲ့ပါတယ်။ ရဲစခန်းက၊ ရန်ကုန်တိုင်းရဲစခန်းကလည်း အရေးကြီးကိစ္စအဖြစ် သတ်မှတ်ပြီး အချိန်နဲ့ တပြေးညီကူညီ ဆောင်ရွက်ပေးခဲ့လို့ နာရီဝက်အတွင်းမှာပဲ ရှာဖွေပြီး အကြောင်းပြန်ကြားနိုင်ခဲ့ပါတယ်။ တိုင်ကြားတဲ့ ဆရာမကို ဗဟန်းရဲစခန်းမှာ လူရည်ချွန်ကျောင်းသူလေး ရောက်ရှိနေကြောင်းနဲ့ လာရောက်ခေါ်ယူဖို့အကြောင်း ကြားခဲ့ပါတယ်။ ဆရာမကတော့ လူရည်ချွန်ကျောင်းသူလေးကို အထုပ်ကလေးနဲ့ ဝမ်းသာအားရ သွားခေါ်ခဲ့

ပေမယ့်လည်း တပည့်မလေးကတော့ လူရည်ချွန်စခန်းကို သူ မလိုက်နိုင်ကြောင်း ငြင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်တဲ့ ကျောင်းဖြစ်တဲ့အတွက် ဘဝမျိုးစုံ၊ အလွှာပေါင်းစုံက လာရောက်ပညာသင်ကြားနေတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ဒီလိုကျောင်းမျိုးတက်နေတဲ့ ကျောင်းသူ၊ လူရည်ချွန်ကျောင်းသူလေးဟာ ကိုယ်တိုင်ဖြေရှင်းဆောင်ရွက်ရမယ့်ကိစ္စရှိခဲ့ရင် ကျွန်တော်တို့ တခြားနယ်တွေ၊ တခြားဒေသတွေမှာလည်း ဒီလိုဖြေရှင်းဆောင်ရွက်ရမယ့် ကိစ္စတွေ အများကြီးရှိနိုင်တယ်လို့ ယူဆမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။ တစ်နိုင်ငံလုံးရှိကျောင်းများမှာ အဌမတန်း၊ နဝမတန်း၊ ဒသမတန်း လူရည်ချွန်မောင်/မယ်များဟာဆိုလို့ရှိရင် (၅၀၀)ကျော်ပဲ ရှိပါတယ်။ ဒီလိုကျောင်းသား လူငယ်အရွယ် လူရည်ချွန်မောင်/မယ်များဟာ အသက်အရွယ်နုနယ်ခြင်း၊ ခရီးသွားလာမှုအတွေ့အကြုံ မရှိခြင်းတို့ကိုလည်း တွေ့မြင်ရပါတယ်။ လူရည်ချွန် မောင်/မယ်များကို ရွေးချယ်တဲ့အထဲမှာ ကျွန်တော်တို့ ခရိုင် အ.ထ.က ကနေပြီးတော့မှ လူရည်ချွန်ကျောင်းသား(၂)ဦး၊ ကျောင်းသူ(၁)ဦး၊ ပေါင်း(၃)ဦး ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ လူရည်ချွန်မောင်/မယ်များရဲ့ မိဘများဟာ စီးပွားရေးအခြေအနေကို ပြန်ကြည့်တဲ့အခါမှာ စီးပွားရေးပြည့်စုံတဲ့ မိဘများမဟုတ်ပေမယ့်လည်း စီးပွားရေးချို့တဲ့တဲ့ မိဘများမဟုတ်တဲ့အတွက် သူတို့ရဲ့ သား/သမီးတွေကို နိုင်ငံတော်ကဂုဏ်ပြုတဲ့ လူရည်ချွန်စခန်း ရောက်အောင် ကြိုးစားရှာဖွေပြီး ပို့ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ လူရည်ချွန် မောင်/မယ် အဖြစ် ရွေးချယ်ခြင်းခံရတဲ့ ကျောင်းသားလူငယ်များရဲ့ မိဘဟာ စီးပွားရေးချို့တဲ့နေတဲ့ မိဘများဖြစ်ခဲ့ရင် မိမိရဲ့ ကလေးငယ်ကို လူရည်ချွန်စခန်းရောက်အောင် ပို့ပေးနိုင်ရှာမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ မေးမြန်းချင်တဲ့ မေးခွန်းလေးကတော့ နောက်နောင်နှစ်များမှာ လူရည်ချွန် မောင်/မယ်များ အဖြစ် ရွေးချယ်ခြင်းခံရတဲ့၊ လူရည်ချွန်စခန်းအသီးသီးကိုသွားရတဲ့ လူရည်ချွန်မောင်/မယ်များကို မိမိမြို့မှ စုရပ်သို့ အသွားအပြန် အမှန်ကုန်ကျတဲ့ ခရီးစရိတ် ထောက်ပံ့ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းကို မိဘပြည်သူများ၊ ကျောင်းသူ/ကျောင်းသားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီမြို့နယ်၊ မောတောင်ဒေသရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန်၊ ကျောင်းသားဦးရေနှင့် လုံလောက်သည့် ကျောင်းဆောင်သစ်များကို တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် ကျောင်းသားနှင့် ဆရာ မျှတသည့်အချိုးဖြစ်အောင် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က တနင်္သာရီမြို့နယ်၊ မောတောင်ဒေသရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန်၊ ကျောင်းသားဦးရေနှင့် လုံလောက်သည့် ကျောင်းဆောင်သစ်များကို တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် ကျောင်းသားနှင့် ဆရာ မျှတသည့် အချိုးဖြစ်အောင် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ တနင်္သာရီမြို့နယ်၊ မောတောင်ဒေသရှိ အခြေခံပညာ မူလတန်း(လွန်)ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန်၊ ကျောင်းသားဦးရေနှင့် လုံလောက်သည့် ကျောင်းဆောင်သစ်များကို တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် ကျောင်းသားနှင့် ဆရာအင်အား မျှတတဲ့ အချိုးဖြစ်အောင် ခန့်ထားဆောင်ရွက်ပေးရန် ဆိုတာနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းတင်သွင်းမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောတောင်ဒေသဟာ တနင်္သာရီမြို့နဲ့ (၆၇)မိုင်ခန့် ဝေးကွာပြီး တစ်ဖက်ထိုင်းနိုင်ငံနဲ့နယ်စပ်ချင်း ထိစပ်ပြီးနေတဲ့ ဒေသ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ မေလ ၈ ရက်နေ့ကဆိုရင် ကျွန်တော်တို့ ထိုင်းမြန်မာ-နယ်စပ်ဆက်သွယ်ရေး ကူးသန်းရောင်းဝယ်ရေး ဂိတ်ကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ပြီးတော့ ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီနယ်စပ်ဂိတ်ဖွင့်ပွဲမှာ ကျွန်တော်တို့တနင်္သာရီမြို့နယ်က ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပါတယ်။ အဲဒီနယ်စပ်ဂိတ်ဖွင့်ရင်းနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များဟာ နယ်စပ်မှာ ရှိတဲ့ ဒီမောတောင်ဒေသရဲ့ ဒေသခံပြည်သူများနဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံတဲ့နေရာမှာ သူတို့ရဲ့ တင်ပြချက်အရ ပညာရေးကဏ္ဍကို မြှင့်တင်ပေးဖို့အတွက် မောတောင်ဒေသမှာရှိတဲ့ အမှတ်(၃) နယ်မြေနဲ့ အမှတ်(၆)နယ်မြေမှာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်သွားတဲ့ မူလတန်းကျောင်းလေး တစ်ကျောင်းစီ ရှိခဲ့ပါတယ်။

မောတောင်ဒေသမှာဆိုရင် မူလွန်ကျောင်းလေးတစ်ကျောင်းသာပဲ ရှိခဲ့ပါတယ်။ ဒီကနေ့ ပညာသင်ကြားရေးနှစ်မှာ အပ်နှံထားပြီးတဲ့ ကျောင်းသားပေါင်းဟာ မူလတန်းအဆင့်မှာကိုပဲ (၅၆၇)ဦး ရှိပြီး၊ (၅)တန်း၊ (၆)တန်း၊ (၇)တန်း အလယ်တန်းအဆင့်မှာဆိုရင် (၁၆၅)ဦးရှိနေပြီ ဖြစ်ပါတယ်။ ဒီမောတောင်ဒေသဟာ ပေ(၃၀ x ၁၁၀) ကျောင်းဆောင်နှစ်ဆောင် ရှိခဲ့သော်လည်းပဲ ဆရာ၊ ဆရာမ များအခန်းနဲ့ ကျောင်းအုပ်ကြီးရုံးခန်းကို ဖယ်လိုက်မယ်ဆိုရင် ရှိတဲ့ ကျောင်းသား(၇၀၀)ကျော်ဟာ ကျောင်းဆောင်နဲ့ မမျှတဘူး၊ အလွန်ကို တိုးကြပ်ပြီး ပင်ပန်းကြီးစွာ ပညာသင်ကြားနေကြရပါတယ်။ ဒါ့အပြင် ကျောင်းသားဦးရေဟာ (၇၀၀)ကျော်ရှိပြီးတော့ ခန့်ထားတဲ့ ဆရာ၊ ဆရာမ က ဒီကနေ့ထိဟာ (၇)ဦးပဲ ရှိသေးတဲ့အတွက် ကျောင်းသားနဲ့ ဆရာအချိုးဟာ (၁း၁၀၅) လောက်ကို ဖြစ်နေတဲ့အတွက် တော်တော်လေးကို မမျှမတနဲ့ ပင်ပန်းကြီးစွာ သင်ကြားနေကြရပါတယ်။ ကျွန်တော်တို့ မောတောင် နယ်မြေဟာ တစ်ဖက် ထိုင်းနိုင်ငံရဲ့ ပကျော့မြို့နဲ့ နီးစပ်စွာတည်ရှိနေတဲ့ ဒေသဖြစ်ပြီးတော့ မောတောင် ဒေသမှာ အိမ်ခြေ (၁၂၀၀)ကျော်ခန့် ရှိနေပြီး လူဦးရေအားဖြင့်ဆိုရင် (၄၀၀၀)ကျော်၊ (၅၀၀၀)နီးပါးခန့် အထိရှိနေပြီ ဖြစ်ပါတယ်။ ဒီကျောင်းသားလေးတွေ ပညာကို မောတောင်မူလွန်ကျောင်းမှာ အပ်ထားတဲ့ ကျောင်းသားလေးတွေဟာ (၇၀၀)ကျော်အထိ ရှိနေပြီ ဖြစ်ပြီးတော့ ကျောင်းဆောင်နဲ့ မမျှမတ

ဆရာအင်အားနဲ့ အချိုးမမျှဘဲ ပညာသင်ကြားနေကြတာဟာ တော်တော်ကို ပင်ပန်းကြီးစွာ ရှိခဲ့ပါတယ်။ နယ်စပ်မှာ တည်ရှိတဲ့ မောတောင်ဟာ တစ်ဖက်နိုင်ငံ ပကျော့မြို့နဲ့ ယှဉ်လိုက်မယ်ဆိုရင် တော်တော်လေးကို အခြေအနေ နိမ့်ကျနေပါတယ်။ နယ်စပ်ချင်း ထိစပ်နေပြီး ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပညာသင်ကြားရေးဟာ အဲဒီလို ကျောင်းဆောင်လည်း မမျှတ၊ ဆရာ၊ ဆရာမနဲ့ ကျောင်းသား အချိုးကလည်း မမျှတဘဲ ဖြစ်နေမယ်ဆိုရင် တော်တော်လေးကို အခြေအနေ မကောင်းဘူး ဖြစ်နေမှာပါ။

ဒါကြောင့် ကျွန်တော် တင်ပြဆွေးနွေးလိုတာကတော့ ဒီ တနင်္သာရီမြို့နယ်၊ မောတောင်ဒေသရဲ့ မူ(လွန်)ကျောင်းကို မူလတန်း(လွန်)ကျောင်းအဆင့်ကနေပြီးတော့ တွဲဖက်အ.လ.က အဆင့်သို့ ကျော်ပြီး အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးဖို့ အစီအစဉ် ရှိ/ မရှိ၊ ဒုတိယမေးခွန်းအနေနဲ့ ကျောင်းသားဦးရေနဲ့ လုံလောက်မျှတတဲ့ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးဖို့ ဆိုတဲ့ ဒီမေးခွန်းမှာ အခု ကျွန်တော်တို့ လက်ရှိအခြေအနေမှာ မောတောင်ဒေသ ဒေသခံများဟာ ကျောင်းဆောင်အသစ်တစ်ဆောင် ပေ(၃၀ x ၁၂၀) နှစ်ထပ်ဆောင်ကို ထပ်မံဆောက်လုပ်ရန်အတွက် ကိုယ့်အားကိုယ်ကိုးပြီးတော့ သံချောင်းတွေ စိုက်ထူပြီးတော့ အုတ်မြစ်ချပြီး ဆောင်ရွက်ပြီးနေပြီ ဖြစ်ပါတယ်။ ကျန်ရှိတဲ့အပိုင်းကို ဆက်လက်ဆောင်ရွက်ဖို့ ဆိုတဲ့နေရာမှာ အခက်အခဲတွေ အများကြီး ရှိပြီးတော့ ဒေသခံပြည်သူများ အင်အားနဲ့ မလုံလောက်တဲ့အတွက် ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ ဒုတိယမေးခွန်းဖြစ်ပြီးတော့ တတိယအဆင့်အနေနဲ့ ကျောင်းသားအင်အား များလွန်းတဲ့ (၇၀၀)ကျော်တောင် ရှိတဲ့ ကျောင်းသားနဲ့ ခန့်ထားတဲ့ ဆရာ၊ ဆရာမ (၇)ဦးတည်း အချိုးမမျှတ ဖြစ်နေတဲ့အတွက် ဆရာ၊ ဆရာမများကို ထပ်မံတိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းများကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**(၃၆)နှစ်ခန့် ကြာမြင့်နေပြီး ဥပဓိရုပ်မကောင်းတော့သည့် လက်ပံတန်းမြို့နယ် ကနစိုးကုန်း အခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က (၃၆)နှစ်ခန့် ကြာမြင့်နေပြီး ဥပဓိရုပ်မကောင်းတော့သည့် လက်ပံတန်းမြို့နယ် ကနစိုးကုန်း အခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀) ကိုယ်စားလှယ် ဦးမြင့်ထွန်း အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် ကနစိုးကုန်း အခြေခံပညာမူလတန်းကျောင်းနဲ့ ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမမေးမီ ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြခွင့်ပြုပါခင်ဗျား။ အခု လွှတ်တော်သက်တမ်းတစ်ဝက်ရောက်လု နီးပါးမှာ ကျွန်တော် မေးသမျှမေးခွန်းတွေထဲမှာ ကျေးရွာတွေမှာ အလိုအပ်ဆုံးဖြစ်တဲ့ ကျောင်း၊ ဆေးခန်း၊ လမ်း၊ လယ်သမားကိစ္စတွေ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးကိစ္စမှာ

သိသိသာသာ ထဲထဲဝင်ဝင် ဆောင်ရွက်ပေးတဲ့အတွက်ကြောင့်မို့လို့ သာယာဝတီ၊ လက်ပံတန်း နယ်မြေကကျောင်း တော်တော်လေးပြီးစီးခဲ့တဲ့အတွက် ပဲခူးတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ကလည်း အသိအမှတ်ပြုတဲ့အကြောင်း ပြောဆိုခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနကိုလည်း အထူးပဲကျေးဇူး တင်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားလိုပါတယ်ခင်ဗျား။

ကတိပြုထားတဲ့ ကျောင်း(၃)ကျောင်းလောက်ကတော့ ဒီနှစ် ဘတ်ဂျက်ထဲမှာ ကျန်နေသေးတဲ့အတွက် ဒါတွေလည်း ကြယ်ပွင့်မပြ နဲ့ ဒါ ထပ်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ Slide မှာ ကျွန်တော်တို့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒီ ကနစိုးကုန်း အ.မ.က ဟာ (၃၆)နှစ်လောက် ကြာပြီးတော့ အောက်ခြေထောက်တိုင်တွေ ယိုင်နေတာတွေ တွေ့ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ ကျင်တွယ်တိုင်တွေကလည်း မကောင်းတော့တဲ့အတွက်ကြောင့် ကျောင်းရဲ့ အခြေအနေဟာ တော်တော်လေး စိုးရိမ်ရပါတယ်။ မိုးဒဏ်၊ လေဒဏ်နဲ့ဆိုရင် ဒါ ပြိုကျနိုင်တဲ့အတွက် ကျောင်းရဲ့ဓာတ်ပုံတွေလည်း သက်ဆိုင်ရာကို စနစ်တကျ တင်ပြပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော် သွားကြည့်တော့ စိတ်ပူလို့အလောတကြီးနဲ့ပြင်ဆင်စေလိုတဲ့အတွက် မေးလိုက်ခြင်းလည်း ဖြစ်ပါတယ်။ ကြမ်းပြင်တွေနဲ့ ဒါ အကာတွေပါခင်ဗျ။ တော်တော်လေး ဆွေးမြေ့နေတဲ့အတွက် ကျွန်တော် တင်ပြပါတယ်။ ကျွန်တော်တို့ အမိုး၊ ထုပ်၊ ယောက်၊ ဒိုင်းတွေကလည်း ပြိုကျပျက်စီးနိုင်တဲ့ အနေအထားလေးတွေ တချို့နေရာဆို ပျက်နေတဲ့အတွက် ဒါတွေဟာ အန္တရာယ်လည်း ရှိတဲ့အကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။

အထူးသဖြင့် ပြည်နယ်တွေမှာလည်း ကျွန်တော် တပ်မတော်သားဘဝနဲ့ သွားတုန်းကလည်း ဒီလိုကျောင်းမျိုးတွေလည်း တော်တော်များများ တွေ့ခဲ့ပါတယ်။ အဲဒီတော့ Slide ကို ကြည့်ရင် ကျွန်တော်တို့ အားလုံး (၁၀)ဒီဂရီလောက် တိမ်းစောင်းနေတဲ့အတွက် အန္တရာယ်ရှိပါတယ်။ အဲဒီတော့ ကျွန်တော် တင်ပြချင်တဲ့ အနေအထား (၉၀)အလျား၊ ပေ(၃၀)၊ ပေ(၈၀) ဒီအမြင့်ပေါ့ တန်ဖိုးကတော့ (၃၂၄)သိန်းလောက်တန်တဲ့ ကျောင်းဆောင်တစ်ဆောင် ဆောက်ပေးမယ်ဆိုရင် ကျောင်းသားမိဘတွေကလည်း ကျပ်သိန်း(၂၀)လောက် ထည့်ဝင်လှူဒါန်းမယ်ဆိုတာလည်း သိရပါတယ်။ ဒါကြောင့်မို့လို့ လက်ပံတန်းမြို့နယ် အ.မ.က ကနစိုးကုန်းအတွက် ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆောက်လုပ်ပေးဖို့နဲ့ အခုနှစ် ခေါင်းစဉ်ပြောင်းပြီးပဲဖြစ်ဖြစ်၊ လာမယ့်နှစ်မှာပဲဖြစ်ဖြစ် ဆောက်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၅။**

**ဦးအေးကျူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ အားလုံး ရိုသေလေးစားပါကြောင်း ဦးစွာပထမတင်ပြပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၂)

မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းကို ဦးစွာ ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူ က တင်ပြဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျ။ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ် ကျွန်တော်တို့ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေက ပြည်ထောင်စုချုပ် အနေနဲ့ နိုင်ငံတော်က ခွင့်ပြုတဲ့ ငွေပေါင်းဟာ သန်းပေါင်း(၉၂၈၇၉.၈)သန်း ရှိပါတယ်ခင်ဗျား။ ဒီခွင့်ပြုတဲ့ ငွေစုစုပေါင်းကို ပြည်နယ်/တိုင်းဒေသကြီး အားလုံး လွှမ်းခြုံပြီးတော့ အချိုးကျ ကျောင်းဆောင် အသစ်၊ ရုံးအသစ် ဆောက်လုပ်ဖို့အတွက် အဆောင်စုစုပေါင်းက (၃၁၃၄)ဆောင် ရှိပါတယ်။ ကျောင်းပေါင်း (၄၃၀၀၀)ကျော် ရှိတဲ့အနက်က ကျွန်တော်တို့ ဘတ်ဂျက် တိုးပေးတဲ့အတွက် (၃၁၀၃၄)ဆောင် အသစ် ဆောက်လုပ်မှာ ဖြစ်ပါတယ်။

အခု တင်ပြတဲ့ မကွေးတိုင်းဒေသကြီးအတွင်း ဦးစားပေးအစီအစဉ်အရ ကျောင်းဆောင် သစ် ဆောက်လုပ်ရန် အတွက် မကွေးတိုင်းအတွက် အချိုးကျ (၁၆၇)ကျောင်း အသစ်ဆောက် လုပ်ခွင့် ရပါတယ်။ အဲဒီ ဆောက်လုပ်တဲ့အတွက် ခွင့်ပြုငွေပေါင်းက သန်းပေါင်း(၄၇၁၂.၆)သန်းကို ခွဲဝေ ပေးထားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ ခွဲပေးထားတဲ့ ကျောင်းများအနက် ကနေပြီးတော့ ရေနံချောင်းမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းပေါင်း (၅)ကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ဖို့ (၁၀၃.၈)သန်းကို ခွဲဝေပေးထားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီခွဲဝေတဲ့အထဲမှာ ချောင်းဆုံကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ) ယခင် အမှတ်(၆၄)အခြေခံပညာမူလတန်းကျောင်းဟာ ဦးစားပေး အစီအစဉ်ထဲမှာ မပါရှိတဲ့အတွက် လောလောဆယ် ဘဏ္ဍာနှစ်မှာတော့ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးမြန်းတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ရဲ့ မေးခွန်း ကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်က စတင်ပြီး နိုင်ငံတဝန်းလုံးရှိ ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူ (၅၁၀)ဦး အား ပုဂံ၊ အင်းလေး၊ ငွေဆောင် အပန်းဖြေစခန်းများသို့ စေလွှတ်ပေးခဲ့ပါတယ်။ အဆိုပါ ဘက်စုံပညာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် ကုန်ကျစရိတ် အားလုံးကို နိုင်ငံတော်က တာဝန်ယူကျခံ ပေးသဖြင့် စုရပ်သို့ အသွား၊ အပြန် ကုန်ကျစရိတ်များလည်း အပါအဝင်ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသများမှ စုရပ်သို့ အသွား၊ အပြန် ကုန်ကျစရိတ်များအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များက ကြိုတင်ခန့်မှန်း တွက်ချက်၍ ထုတ်ပေးရခြင်း ဖြစ်ပါတယ်။ ဒီလို ထုတ်ပေးတဲ့ နေရာမှာ အချို့နေရာများမှာ ကွာဟချက်များ ရှိနိုင်ပါတယ်။ သို့ပါ၍ မိမိမြို့မှ စုရပ်သို့ အသွား၊ အပြန် အမှန်ကုန်ကျခဲ့တဲ့ ခရီးစရိတ်များတွင် ကွာဟချက်ရှိမှုနှင့် ကြွင်းကျန်မှုများ ရှိပါက စိစစ်ရန် နောက်ဆက်တွဲဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒီလို တင်ပြတဲ့အတွက် ပြန်လည်စိစစ်တဲ့အခါမှာ ကိုယ်စားလှယ် တော်ကြီး တင်ပြပေးတဲ့ ခန္တီးမြို့ အ.ထ.က ဘက်စုံထူးချွန် ကျောင်းသား(၃)ယောက် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ နဝမတန်းက မောင်ကျော်မျိုးသိန်း ဖြစ်ပြီးတော့ အဋ္ဌမတန်းကတော့ မောင်အာကာပိုင်ထွန်း နှင့် မကြည်စင်ရှင်းသန့် တို့ ဖြစ်ပါတယ်။ သူတို့ ကုန်ကျစရိတ် အမှန် မရသေးတဲ့အတွက် ကျွန်တော်တို့ ဇွန်လ၊ ၂၆၊ ၂၀၁၃ မှာ တစ်ဦးလျှင် ကုန်ကျစရိတ်ငွေ (၁၂၂၀၀၀)စီ ထုတ်ပေးပြီးပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် မေးခွန်းကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မောတောင်ဒေသ အခြေခံပညာ မူလတန်း(လွန်) ကျောင်းအား အဆင့်တိုးမြှင့်ပေးရန် လောလောဆယ် မရှိသေးပါကြောင်း တနင်္သာရီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအနက် ဦးစားပေးအစီအစဉ်အရ ကျောင်းဆောင်အသစ် ဆောက်လုပ်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ရန်ပုံငွေ ခွဲဝေပေးပြီးဖြစ်ပါသဖြင့် လောလောဆယ် မောတောင်ဒေသ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် လိုအပ်ဆရာများအား ယခုနှစ် ဇူလိုင်လ ၃၁ ရက် မတိုင်မီ ဒေသခံ ဘွဲ့ရ နေ့စားလပေးများ ခန့်ထားရန် စီစဉ်ထားပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ မေးခွန်းကို တင်ပြမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများနဲ့ ဦးစားပေးအစီအစဉ်အရ ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ရန်ပုံငွေ ခွဲဝေပေးခဲ့ပြီး ဖြစ်ပါသဖြင့် လက်ပံတန်းမြို့နယ်၊ ကနစိုကုန်း အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လောလောဆယ် ဘဏ္ဍာရေးနှစ်တွင် အစီအစဉ် မရှိသေးပါကြောင်း နှင့် ထိန်သာယာ အ.မ.က(တွဲ) အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အ.မ.က(ခွဲ) အဆင့်သို့ တိုးမြှင့်ရေးအတွက် စီစဉ်လျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**နိုင်ငံတစ်ဝန်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် အသုံးမပြုတော့သော စက်ယန္တရား အဟောင်း/ အပျက်များ မည်မျှရှိသည်၊ ထိုစက်ယန္တရားများကို မည်သည့် အစီအမံပြုလုပ်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နိုင်ငံတစ်ဝန်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် အသုံးမပြုတော့သော စက်ယန္တရား အဟောင်း/ အပျက်များ မည်မျှရှိသည်၊ ထိုစက်ယန္တရားများကို မည်သည့်အစီအမံ ပြုလုပ်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးလှဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်သို့ တက်ရောက်လာသော ပညာရှင်များ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတဲ့ မေးခွန်းကတော့ နိုင်ငံတစ်ဝန်းမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် အသုံးမပြုတော့သော စက်ယန္တရား အဟောင်း/

အပျက်များ မည်မျှရှိသည်၊ ထိုစက်ယန္တရားများကို မည်သည့် အစီအမံများ ပြုလုပ်သွားမည်ကို သိရှိလိုပါကြောင်း ဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရထားလမ်း စီမံကိန်းတွေ အများအပြား ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတဲ့ စက်ယန္တရားတွေ အများအပြား လမ်းဘေးမှာ ကျန်ခဲ့တာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဂန့်ဂေါမှာ ကြောဥမင် လိုဏ်ခေါင်းကြီးဟာ (၁၀)နှစ်ကြာ ဖောက်ခဲ့ရတဲ့အတွက်ကြောင့် အဲဒီမှာ စက်ယန္တရားအဟောင်း အပျက်တွေ အများကြီး လမ်းဘေးမှာ တွေ့ပါတယ်။ အချို့ စက်ယန္တရားတွေဟာ လမ်းဘေးမှာ သစ်ပင် တွေတောင် ပေါက်နေပြီပေါ့။ စက်ကြီးတွေပေါ်မှာ အဲဒီအနေအထား ဖြစ်ပါတယ်။ သို့သော် အဲဒီ စက်ကြီးတွေက တော်ရုံတန်ရုံ ပျက်သွားတာနဲ့ ဒါ Operator က ဆုံးခက်အုပ်ပြီးတော့ ထားခဲ့တဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒီမှာ ဒေသခံ Mechanic တွေရဲ့ တင်ပြချက်အရ ဒီစက်ရဲ့ပျက်စီးမှုဟာ ပန့်တို့၊ နော်ဇယ်၊ ပလန်ချာ တို့ ဒီလို လဲလိုက်တာနဲ့ သိန်း(၂၅)၊ (၃၀)လောက် လဲလိုက်တာနဲ့ သိန်း(၁၀၀၀)ကျော်လောက်တန်တဲ့ စက်ကြီးဟာ ကောင်းသွားမယ်။ ဒါကို စောစောစီးစီး လေလံပစ်ရင် ပိုကောင်းမယ်။ နိုင်ငံတော်လည်း အကျိုးရှိမယ်။ ဝန်ကြီးဌာနလည်း ဘတ်ဂျက်တိုးမယ်။ ဒီလိုမျိုး သတင်းပို့တဲ့အတွက် ကျွန်တော် ကိုယ်တိုင်လည်း သွားကြည့်ပါတယ်။ ကြည့်တဲ့အခါမှာ ဒီစက်တွေဟာ ယန္တရားကုန်းမှာ ပုံထားတဲ့စက်တွေရှိသလို၊ ဒီဥမင်လိုဏ်ခေါင်းကိုသွားတဲ့ Approach လမ်းတစ်လျှောက် မှာလည်း ဟိုတစ်စီး ဒီတစ်စီးနဲ့ အများအပြားတွေ့ရှိတာ ဖြစ်ပါတယ်။ ဒီစက်တွေကို သံတိုမယ်နဈေးနဲ့ ရောင်းမယ်ဆိုရင်တောင်မှ တော်တော်များများ ဝင်ငွေရရှိနိုင်ပြီးတော့ ဒီစက်ရဲ့တန်ဖိုးအလျောက် ဒါကို နည်းနည်းလေးပြင်တာနဲ့ ပြန်ကောင်းမယ်ဆိုရင် တစ်ဈေး စသည်ဖြင့် Mechanic နဲ့ သေချာစစ်ဆေး ပြီးတော့ လေလံပစ်ပေးမယ်ဆိုရင် ဝန်ကြီးဌာနလည်း ဒီ အမှိုက်ထဲကနေ ဝင်ငွေရမယ်၊ ဒေသခံတွေ လည်း လေလံဆွဲပြီးတော့ စက်ယန္တရားတွေကို ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်မှာ ဖြစ်တဲ့အတွက် ဒီမေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၃။**

**သူရ ဦးသောင်းလွင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ မေးမြန်းလာတဲ့ကိစ္စဟာ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင် က ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

မြန်မာ့မီးရထားအနေနဲ့ ၁၉၈၉ ခုနှစ် နောက်ပိုင်းမှာ ရထားလမ်းသစ် အမြောက်အများကို ဖောက်လုပ်ရာမှာ မြေထိုးစက်နဲ့ မြေကော်စက်များ မဖြစ်မနေလိုအပ်လာတဲ့အတွက် အမျိုးအစားကောင်းမွန်တဲ့ စက်များကို ဝယ်ယူဖို့ ချေးငွေရှာခဲ့ပါတယ်။ အဲဒီမှာ ချေးငွေမရတဲ့အတွက် ကျွန်တော်တို့ ချေးငွေလည်း မရဘူး။ နောက် စက်ယန္တရားတွေရဲ့ တန်ဖိုးကလည်း အင်မတန်ကြီးတဲ့အတွက် အမျိုးအစားကောင်း သော စက်များကို မဝယ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ချေးငွေလည်း ရနိုင်တဲ့ ယန္တရားအပို ပစ္စည်းလည်း ဈေးနှုန်းသက်သာစွာ ရရှိနိုင်တဲ့နေရာတွေက ဒီနေရာမှာ ကျွန်တော်တို့ တရုတ်နိုင်ငံကို ဆိုလိုတာပါ။ ကျွန်တော်တို့ တရုတ်နိုင်ငံကနေပြီးတော့ စက်ယန္တရားများ ဝယ်ယူခဲ့ပါတယ်။ အဲဒီယန္တရားတွေဟာ ဈေးနှုန်းသက်သာသော်လည်း မကြာခဏ ချွတ်ယွင်းတတ်တယ်။ သို့သော်လည်း အဲဒီ အချိန်က စက်အရံပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိခဲ့တဲ့အတွက် ပြင်ဆင်အသုံးပြုနိုင်ခဲ့ပါတယ်။ (၁၀)နှစ်ခန့် အသုံးပြုပြီးတဲ့ နောက်ပိုင်းမှာတော့ စက်ယန္တရားတွေ ပိုမိုချွတ်ယွင်းလာတယ်။ ထုတ်လုပ်တဲ့ နိုင်ငံမှာလည်း တစ်ခြားနိုင်ငံတွေနဲ့ ဖက်စပ် ကျွန်တော်တို့ ထုတ်လုပ် လာတဲ့အတွက်ကြောင့် မော်ဒယ်အသစ်တွေထွက်လာတဲ့ အတွက်ကြောင့် ကျွန်တော်တို့ စက်အရံပစ္စည်းတွေ ဝယ်ယူလို့ မရတော့ပါဘူး။ မရတဲ့အတွက်ကြောင့် ကျွန်တော်တို့က ချွတ်ယွင်းတဲ့ စက်ယန္တရားတွေထဲက ကောင်းသေးတဲ့ အစိတ်အပိုင်းတွေကိုဖြုတ် တခြားယန္တရားတွေကို ပြောင်းရွှေ့တပ်ဆင်ပြီးတော့ ကျွန်တော်တို့ အသုံးပြုလာခဲ့ပါတယ်။

နောက် ကျွန်တော်တို့ ဝယ်ယူ၍ မရနိုင်တဲ့ ပစ္စည်းများကို ကျွန်တော်တို့ တီထွင်ကြံဆပြီးတော့ တစ်ခြားပစ္စည်းနဲ့ ကျွန်တော်တို့ လဲလှယ်သုံးစွဲတာတို့၊ နောက် ကျွန်တော်တို့ သတ်သတ်ထွင်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တာတို့ ရှိခဲ့ပါတယ်။ ယခုအခါမှာတော့ ကျွန်တော်တို့ မြန်မာ့မီးရထား စီမံကိန်းနယ်မြေများမှာ စက်ယန္တရားအပျက် စုစုပေါင်း(၇၇)စီး ရှိပါတယ်။ အများစုကတော့ ကြော့ဥမင်နယ်မြေမှာ ဖြစ်ပါတယ်။ ယင်းတို့အနက်က စက်အရန်ပစ္စည်း မရနိုင်တော့တဲ့ စက်ယန္တရား(၅၅)စီးပါ ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ လေလံတင်ရောင်းချမှာ ဖြစ်ပါတယ်။ ကျန်စက်ယန္တရား(၂၂)စီးကတော့ စက်အရံပစ္စည်း ဝယ်ယူလို့ ရပါတယ်။

သို့သော်လည်း တစ်စီးမှ ကောင်းသေးတဲ့ အစိတ်အပိုင်းတွေကို အခြားတစ်စီးကို ပြောင်းရွှေ့တပ်ဆင်ထားပြီးဖြစ်တဲ့အတွက် လက်ရှိအခြေအနေမှာ မူလစက်တန်ဖိုးရဲ့ (၄၀)ရာခိုင်နှုန်းကနေပြီးတော့ (၇၀)ရာခိုင်နှုန်းခန့်ထိ ကုန်ကျခံကာ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ အဲဒီ ယန္တရားများကို ကျွန်တော်တို့ အနီးစပ်ဆုံးရှိတဲ့ လမ်းပန်းဆက်သွယ်မှု ကောင်းသောနေရာများသို့ ရွှေ့ထုတ်ကာ မူလထုတ်လုပ်တဲ့ ကုမ္ပဏီမှ ပြည်တွင်းကိုယ်စားလှယ်တွေ၊ အင်ဂျင်နီယာတွေနဲ့အတူ ကျွန်တော်တို့ စစ်ဆေးပြင်ဆင်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ပြည်တွင်းသို့ ဝင်ရောက်လာသော လိုင်စင်မဲ့ကားများမှာ တရားဝင် ဖွင့်လှစ်ထားသော နယ်စပ်ဂိတ်များမှ သော်လည်းကောင်း၊ တရားဝင် ဖွင့်လှစ်ထားခြင်း မရှိသေးသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း ဝင်ရောက်လာခြင်းကို သိရှိခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း က ပြည်တွင်းသို့ ဝင်ရောက်လာသော လိုင်စင်မဲ့ကားများမှာ တရားဝင် ဖွင့်လှစ်ထားသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားခြင်း မရှိသေးသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း ဝင်ရောက်လာခြင်းကို သိရှိခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မေးမြန်းမယ့် မေးခွန်းကတော့ ပြည်တွင်းသို့ ဝင်ရောက်လာသော လိုင်စင်မဲ့ကားများမှာ တရားဝင်ဖွင့်လှစ်ထားသော နယ်စပ်ဂိတ်များမှသော် လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားခြင်း မရှိသေးသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း ဝင်ရောက်လာခြင်းကို သိရှိခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား မေးမြန်းရန် ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူများ အကြိမ်ကြိမ်ဆုံးရှုံးမှု မရှိစေရန် အပြုသဘောဖြင့် မေးမြန်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေနှင့်မညီသော ကိစ္စရပ်များကို ဥပဒေအရ အရေးယူခြင်းသည် လုပ်သင့်လုပ်ထိုက်သော ကိစ္စတစ်ခုဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကားဆိုတဲ့ ပစ္စည်းမှာ အလွယ်တကူထုပ်ပိုးသယ်ယူလာရသော ပစ္စည်းမျိုး မဟုတ်ပါဘူးခင်ဗျား။ တစ်ဖက်နိုင်ငံမှာ တရားမဝင်ကားများကို တရားဝင်ဖွင့်လှစ်ထားသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားခြင်း မရှိသေးသော နယ်စပ်ဂိတ်များမှသော် လည်းကောင်း နိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ဒီလိုဝင်ရောက်လာခြင်းဟာ လည်း နယ်စပ်ဂိတ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအဖွဲ့အစည်းများနှင့် ညှိနှိုင်း ခွင့်ပြုခြင်းဖြင့်သာ ဝင်ရောက်လာခြင်းဖြစ်တယ်လို့ ယူဆပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ လိုင်စင်မဲ့ကားများ အမြောက်အမြား ဖမ်းဆီးသိမ်းယူခြင်းကို အကြိမ်ကြိမ်ဆောင်ရွက်နေတဲ့ လုပ်ငန်းကြီးတစ်ခု ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းမှာလည်း ပြည်သူအများ၌သာ ဆုံးရှုံးခြင်း ဖြစ်တဲ့ အတွက် နောင်တွင် ပြည်သူများ အကြိမ်ကြိမ်ဆုံးရှုံးခြင်း ဆက်လက်မဖြစ်ပေါ်စေရန်အတွက် ဥက္ကဋ္ဌမှ တဆင့် မေးမြန်းချင်တဲ့ မေးခွန်းကတော့ (က) ပြည်တွင်းသို့ ဝင်ရောက်လာသော လိုင်စင်မဲ့ကား များမှာ တရားဝင်ဖွင့်လှစ်ထားသော နယ်စပ်ဂိတ်များမှ သော်လည်းကောင်း၊ တရားဝင် ဖွင့်လှစ်ထားခြင်း

မရှိသေးသော နယ်စပ်ဂိတ်များမှ သော်လည်းကောင်း ဝင်ရောက်လာခြင်းကို သိရှိခြင်း ရှိ/ မရှိနှင့် (ခ) အကယ်၍ သိရှိလျှင် နယ်စပ်ဂိတ်များရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအဖွဲ့အစည်း များအား မည်ကဲ့သို့ ညွှန်ကြားအရေးယူ ဆောင်ရွက်နေမှု အခြေအနေကို သိရှိလိုပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား၊ ကျွန်တော်ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း မှ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်သွယ်မှုပြုတဲ့ နယ်စပ်စခန်းအရေအတွက်မှာ ယခုနောက်ဆုံးဖွင့်ခဲ့တဲ့ ထီးခီးစခန်းပါဝင်ပါက စုစုပေါင်းစခန်း (၁၅)ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း တရားမဝင်ယာဥ် (၅၉၆) စီးကို နယ်စပ်စခန်းများမှ အောက်ပါအတိုင်း ဖမ်းဆီးရရှိခဲ့ပါတယ်။ စခန်းအမည် မူဆယ်မှ ကားစီးရေ (၂၁၉)၊ မြဝတီမှ (၂၃)စီး၊ မရမ်းချောင်မှ(၂၆၁)စီး၊ တမူးမှ(၂) စီး၊ တာချီလိတ်မှ(၂) စီး၊ ရေပူမှ(၅၃) စီး၊ လွယ်ဂျယ်မှ (၉)စီး၊ စုစုပေါင်း(၅၆၉)စီး ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၁၇၈၁၁.၇၅)သန်းကို ဖမ်းဆီးရရှိခဲ့ပြီး ဖြစ်ပါတယ်။

တရားမဝင်ဖမ်းဆီးရရှိခဲ့တဲ့ ကားတွေကို ကြည့်ပါက မြန်မာ-ထိုင်း နယ်စပ်လမ်းကြောင်းပေါ်မှာရှိတဲ့ မရမ်းချောင် ကန့်သတ်ကုန်ပစ္စည်း စစ်ဆေးရေးစခန်းမှ တရားမဝင်ကားများ ဖမ်းဆီး ရရှိမှု အများဆုံးဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ စခန်းဖွင့်လှစ်ထားနိုင်ခြင်း မရှိတဲ့ အခြား နှစ်နိုင်ငံ နယ်စပ်နေရာများမှလည်း တရားမဝင်လိုင်စင်မဲ့ ကားများဝင်ရောက်မှု ရှိနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ စခန်းဖွင့်လှစ်ထားခြင်းမရှိတဲ့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက် အထူးသဖြင့် မြဝတီကုန်သွယ်ရေးဇုန်ရှိ သောင်ရင်းမြစ်ကမ်းတစ်လျှောက်မှာ တရားမဝင်ဂိတ်များမှ တရားမဝင် ပစ္စည်းနဲ့ တရားမဝင်ယာဥ်များ တင်သွင်းပြီး၊ ကုန်သွယ်ရေးဇုန် ရှောင်ကွင်းလမ်းကြောင်းများမှ ပြည်တွင်းသို့ တရားမဝင် ဝင်ရောက်နေကြောင်း၊ ထို့သို့ တရားမဝင်ယာဥ်များကို ပြည်တွင်းသို့

သယ်ဆောင်ရာမှာ တရားဝင်ဖွင့်လှစ်ထားရှိတဲ့ ဂိတ်များကို ရှောင်ကွင်း၍လည်းကောင်း၊ စာရွက်စာတမ်းအတုများ ပြုလုပ်၍လည်းကောင်း ဖြတ်သန်းသယ်ဆောင်မှုများရှိကြောင်း သတင်းများအရ သိရှိရပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားမဝင်လိုင်စင်မဲ့ကားများကို နိုင်ငံတစ်ဝန်းဖမ်းဆီး အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် ဧပြီလကုန်အထိ ကချင်ပြည်နယ်မှာ (၃၇)စီး၊ ကယားပြည်နယ်မှာ (၈)စီး၊ ကရင်ပြည်နယ်မှာ(၁၁၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီးမှာ(၂၅)စီး၊ ပဲခူးတိုင်းဒေသကြီးမှာ(၁၁၁)စီး၊ မကွေးတိုင်းဒေသကြီးမှာ(၁၇)စီး၊ မန္တလေးတိုင်းဒေသကြီးမှာ(၁၆၃)စီး၊ မွန်ပြည်နယ်မှာ (၃၃၃)စီး၊ ရခိုင်ပြည်နယ်မှာ(၁၀)စီး၊ ရန်ကုန်တိုင်းဒေသကြီးမှာ(၁၈၉)စီး၊ ရှမ်းပြည်နယ်မှာ (၈၆)စီး၊ ဧရာဝတီတိုင်းဒေသကြီးမှာ(၆)စီး၊ နေပြည်တော်မှာ(၂)စီး၊ စုစုပေါင်း(၁၀၉၉)စီးကို ဖမ်းဆီးအရေးယူခဲ့ပါတယ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေနဲ့ တရားမဝင်တင်သွင်းလာတဲ့ မော်တော်ယာဉ်များကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ (၁၂၉)စီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ (၁၈)စီးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ပါတယ်။ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၂ ခုနှစ်မှာ လိုင်စင်မဲ့ယာဉ် (၄၁) စီးဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ ကရင်ပြည်နယ်မှာ မှတ်ပုံတင်ထားတဲ့ ကင်းစခန်း(၈)ခုနဲ့ မှတ်ပုံမတင်ထားသေးတဲ့ ကင်းစခန်း(၉)ခု စုစုပေါင်း ကင်းစခန်း(၁၇)ခု ရှိပါတယ်။ အများအားဖြင့် မှတ်ပုံတင်ထားခြင်း မရှိသေးတဲ့ ကင်းစခန်း(၉)ခုမှ တရားမဝင် လိုင်စင်မဲ့ယာဉ်များ ဝင်ရောက်လေ့ရှိကြောင်း သိရှိရပါတယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ ပြည်နယ်အတွင်း တရားမဝင်လိုင်စင်မဲ့ယာဉ် ဖမ်းဆီးအရေးယူမှုမှာ ၂၀၀၉ ခုနှစ်မှာ (၆၃)စီး၊ ၂၀၁၀ မှာ (၂၀၈)စီး၊ ၂၀၁၁ ခုနှစ်မှာ (၁၉၉)စီး၊ ၂၀၁၂ ခုနှစ်မှာ (၇၉)စီး၊ ၂၀၁၃ ခုနှစ်၊ ဇွန်လအထိ (၇၆)စီး စုစုပေါင်း (၆၂၅)စီး ဖမ်းဆီးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ စတင်ပြီး အထူးစီမံချက်ကာလ သတ်မှတ်ကာ လိုင်စင်မဲ့ယာဉ်များကို ဖမ်းဆီးခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့အထိ စုစုပေါင်း လိုင်စင်မဲ့ ယာဉ်(၁၄၈)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာမြို့နယ်တရားရုံးများမှ ဥပဒေနဲ့အညီ တရားစွဲ တင်ပို့ထားကြောင်း သိရှိရပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ၂၀၁၂ ခုနှစ်မှာ လိုင်စင်မဲ့ယာဉ် (၂၉)စီး၊ ထော်လာဂျီယာဉ်(၁၀)စီး၊ စုစုပေါင်း(၃၉)စီး ဖမ်းဆီးရမိခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်၊ မေလကုန်အထိ လိုင်စင်မဲ့မော်တော်ယာဉ်(၄၁)စီး၊ ထော်လာဂျီယာဉ်(၁)စီး၊ မြေသယ်ယာဉ်(၁)စီး စုစုပေါင်း(၄၃)စီးကို ဖမ်းဆီးတရားစွဲဆိုတင်ပို့ ခဲ့ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇွန်လအထိ လိုင်စင်မဲ့ယာဉ် (၂၇)စီးကိုဖမ်းဆီးပြီး ဥပဒေနှင့်အညီ အရေးယူခဲ့ပါတယ်။ တရားမဝင်လိုင်စင်မဲ့ယာဉ်များ ဝင်ရောက်လာနိုင်တဲ့လမ်းကြောင်းတွေဟာ ကချင်ပြည်နယ်မှာ(၅)ခု၊ ကယားပြည်နယ်မှာ(၂)ခု၊ ကရင်ပြည်နယ်မှာ (၁၇)ခု၊ ရှမ်းပြည်နယ်မှာ (၁၂)ခုနဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ(၄)ခု စုစုပေါင်း လမ်းကြောင်း(၄၀) ရှိပါတယ်။ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှ ပြည်မဘက်သို့ ထွက်သောနေရာများမှာလည်း ကျေးရွာချင်းဆက်လမ်းများကို အသုံးပြု၍ လည်းကောင်း၊ စစ်ဆေးရေးဂိတ်ရှောင်ကွင်းလမ်းများကို အသုံးပြု၍

လည်းကောင်း၊ လုံခြုံရေးအားနည်းတဲ့ နေရာများမှာ မြစ်၊ ချောင်းများကို ဖောင်များ အသုံးပြု ဖြတ်သန်း၍လည်းကောင်း ဖြတ်သန်းသွားခြင်းများ ရှိကြောင်းသိရှိရပါတယ်။ အဆိုပါ တရားမဝင် ဝင်ရောက်နိုင်တဲ့ နေရာများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင် များ၊ ဒေသခံနယ်ခြားစောင့်တပ်များ၊ ပြည်သူ့စစ်တပ်ဖွဲ့များနဲ့ တာဝန်ရှိ အဖွဲ့အစည်းများက နေ့စဉ် စောင့်ကြပ်စိစစ်ပိတ်ဆို့ဖမ်းဆီးလျက် ရှိကြပါတယ်။

ရှမ်းပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်း (၁၀၅)မိုင်၊ ယာဉ်ငယ်စစ်ဆေးရေးဂိတ်မှာ လိုင်စင်မဲ့ မော်တော်ယာဉ်/ကားများအား ဝင်/ထွက်သွားလာမှု မရှိစေရေးကို ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေး စီမံကိန်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှာ ဝန်ထမ်းများ နေ့စဉ်တာဝန်ချထားပြီး စစ်ဆေးလျက်ရှိပါတယ်။ ပြည်သူများ လိုင်စင်မဲ့ယာဉ်များ မစီး နင်းရေးအတွက် ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်နေ့မှ စတင်ပြီး ရုပ်သံလိုင်း (၂၄)လိုင်းမှာ လိုင်စင်မဲ့ မော်တော်ယာဉ်များ စီးနင်းခြင်း မပြုရန်နဲ့ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာလျက်ရှိရာ ထုတ်လွှင့်ချိန် တိုးမြှင့်ဆောင်ရွက်သွားဦးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ မြို့နယ်အသီးသီးမှာ ပြုလုပ်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးမှုများမှာ လိုင်စင်မဲ့ မော်တော်ယာဉ်များ စီးနင်းပါက ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ဟောပြော ဆွေးနွေးမှုများလည်း ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ခရီးသွားလာရေး အဆင်ပြေ စေရန်နဲ့ ပြည်နယ်အတွင်း မော်တော်ယာဉ်သုံးစွဲမှု အစဉ်ပြေစေရန်အတွက် တရားဝင် မော်တော်ယာဉ် များကို အရစ်ကျငွေပေးချေရောင်းဝယ်နိုင်ရန် ကုမ္ပဏီများနဲ့ ဆက်သွယ်ပြီး အရောင်းပြခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

သံသယဖြစ်ဖွယ်တွေ့ရှိရတဲ့ မော်တော်ယာဉ်များနဲ့ ပတ်သက်ပြီး အဆိုပါ နယ်မြေဒေသရှိ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများကို ၎င်းယာဉ်ရဲ့ အချက်အလက်များ ဖော်ပြလျက် တရားဝင်မှတ်ပုံတင်ထားတဲ့ ယာဉ် ဟုတ်/မဟုတ် စစ်ဆေးပေးလျက် ရှိပါတယ်။ မြန်မာ နိုင်ငံအတွင်းကို တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဝင်ရောက်မှု မရှိစေရန် နယ်စပ် ချစ်ကြည်ရေး တံတားများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တာဝန်ရှိ ဌာနဆိုင်ရာများနဲ့ တပ်မတော်တို့ ပါဝင်တဲ့ အဖွဲ့နဲ့လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ နယ်ခြားစောင့်တပ်များနဲ့ ပြည်သူ့စစ်တပ်ဖွဲ့ များနဲ့လည်းကောင်း၊ တရားမဝင် ဝင်ရောက်လာနိုင်တဲ့ လမ်းကြောင်းများမှာ ဌာနဆိုင်ရာအဖွဲ့များကို ဖွဲ့စည်းပြီး ရှောင်တခင် စစ်ဆေးခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး ဌာနဆိုင်ရာ အသင်းအဖွဲ့ များနဲ့ ရှောင်တခင်စစ်ဆေးခြင်း၊ ပြည်ထောင်စုလမ်းမကြီးမှာလည်း ဌာနဆိုင်ရာ အဖွဲ့အစည်းများနဲ့ ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကုန်စည်ဖြတ်သန်းစီးဆင်းမှုအတွက် တရားဝင်နယ်စပ်ကုန်သွယ်မှုစခန်း(၁၅)ခု ဖွင့်လှစ် ထားရှိပြီး၊ ကားအပါအဝင် တရားမဝင်ကုန်စည်များ တင်သွင်းမှု၊ တင်ပို့မှု မပြုရန် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် One Stop Services အဖြစ် တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ လိုင်စင်မဲ့ယာဉ်(၄၁)စီးအတွက် အရပ်သား(၅၀)ဦးကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ် မှာ လိုင်စင်မဲ့ယာဉ်(၅)စီးအတွက် အရပ်သား (၅)ဦးကိုလည်းကောင်း ဖမ်းဆီးအရေးယူကာ ငွေဒဏ်နှင့်

ထောင်ဒဏ်များ ချမှတ်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၃ ခုနှစ်မှာ လိုင်စင်မဲ့ယာဥ် စီးနင်းမှုနှင့် ယာဥ်တိုက်ခိုက်မှုတို့ ဖြစ်ပွားခဲ့တဲ့ ရဲဝန်ထမ်း(၂)ဦးတို့ကို ငွေဒဏ်နှင့်ထောင်ဒဏ်များ ချမှတ်အရေးယူခဲ့ပါတယ်။ ယခုအခါ ငြိမ်းချမ်းရေးတပ်ဖွဲ့များကို မော်တော်ယာဥ်လိုင်စင်များ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်လို့၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို လိုင်စင်မဲ့ယာဥ်စီးနင်းပါက တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး၊ မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်သည်များ အသင်းရုံးတို့က ကိုယ်စားလှယ်များ ပါဝင်တဲ့ (Mobile Team) အဖွဲ့နှင့်လည်း လိုင်စင်မဲ့ယာဥ်များ ဝင်ရောက်သွားလာမှု မရှိစေရေး နေ့စဥ်တားဆီးစစ်ဆေးလျက် ရှိပါတယ်။ တရားမဝင် လိုင်စင်မဲ့ယာဥ်များ ပပျောက်အောင် ဆောင်ရွက်မှုအနေနဲ့ ဖမ်းဆီးအရေးယူမှုများ မပြုလုပ်မီ ပညာပေးကာလသတ်မှတ်ပြီး ပညာပေးဆောင်ရွက်ခဲ့ပြီးဖြစ်လို့ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၂

အပိုဒ် ၁ ကာလစည်းကမ်းသတ် အက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁ ကို အောက်ပါ အတိုင်းအစားထိုးရမည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၃(က)

အပိုဒ် ၁၅၂ နှင့် အပိုဒ် ၁၅၃ တို့၌ပါရှိသော the District Court ဆိုသည့်စကားရပ်ကို the Court of the Self-Administered Division, the Court of the Self - Administered Zone or the District Court ဆိုသည့် စကားရပ်ဖြင့် အစား ထိုးရမည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၃(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ အာဏာသက်ရောက်စေရန်လည်းကောင်း၊ ယင်း ဥပဒေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများကို ထည့်သွင်းပြဋ္ဌာန်းနိုင်ရန် လိုအပ်သဖြင့် လည်းကောင်း ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို တင်သွင်း ရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်း ခြင်းအား ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဦးမောင်အေးထွန်း မှ လေးစားစွာ ထောက်ခံ အပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ကာလ စည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို (၁၁း၃၅)နာရီအချိန်တွင် ရပ်နားပါသည်။]